MONREC

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၉၈ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ **၁၄** ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ရေအားလျှပ်စစ်စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၂၈၀ မဂ္ဂါဝပ် (၄ x ၇၀ မဂ္ဂါဝပ်) |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၁၆၀ ကီလို မီတာ ခန့် (၈၇ မိုင်) အကွာ၊ ကျောက်မဲမြို့၏ တောင်ဘက် ၃၂ ကီလိုမီတာ (၂၀ မိုင်)အကွာ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၇-၁-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၁-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၁၀၅/၁၉၇/ ရေ-ပြည့်ဖြိုး/စီမံရေး (လျှပ်စစ်)ဖြင့် တင်ပြသည့် **“ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ (EIA)”** |

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ENVIRONMENTAL IMPACT ASSESSMENT (EIA) of UPPER YEYWA HYDROPOWER PROJECT ၏ စီမံကိန်းအကြောင်းအရာ

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၁၆၀ ကီလို မီတာ ခန့် (၈၇ မိုင်) အကွာ၊ ကျောက်မဲမြို့၏ တောင်ဘက် ၃၂ ကီလိုမီတာ (၂၀ မိုင်) အကွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် (၂၈၀) မဂ္ဂါဝပ် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၁၀၅/၁၉၇/ရေ-ပြည့်ဖြိုး/စီမံရေး(လျှပ်စစ်) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇) နေပြည်တော် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းကို ယေဘုယျပုံစံတွင် RCC (Roller Compacted Concrete) ရေလှောင်တမံဖြစ်ပြီး၊ လက်ယာဘက်ကမ်းတွင် မြစ်ရေကြောင်းလွှဲသည့် စနစ်ပါဝင်ပါသည်။ ခြောက်သွေ့ရာသီအတွင်း မြစ်ညာပိုင်းနှင့် မြစ်အောက်ပိုင်း ယာယီတမံများအား ပင်မတမံတည်ဆောက်သည့် နေရာတွင် ကာကွယ်ထားပါသည်။ မြစ်ငယ်မြစ်၏လက်ဝဲဘက်ကမ်းတွင် ရေသွယ်ဥမင်လိုဏ်နှစ်ခု (headrace tunnels) အား ဖိအားမြင့်ပိုက်လိုင်း (penstocks) အသီးသီးဖြင့် စွမ်းအင်သွင်းသည့် power intake နှင့် စွမ်းအင်စုဆောင်းသည့် power house တို့ကို ချိတ်ဆက်ထားပါသည်။ ဆောင်ရွက်နိုင်ခြေလေ့လာခြင်းတလျှောက်တွင် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ဆောင်ရွက်နိုင်သည့် အရွယ်အစားကို အောက်ပါအတိုင်း ကောက်ချက်ပြုနိုင်ပါသည်-

| | | |
|---|---|---|
| သတ်မှတ်ထားသောလုပ်နိုင်စွမ်း | - | ၂၈၀မဂ္ဂါဝပ် |
| နှစ်စဉ်စွမ်းအင်ထုတ်လုပ်မှု | - | တစ်နာရီလျှင် ၁,၄၀၉ GW |
| အမြင့်ဆုံးစက်ရုံမှ ထွက်ရှိနိုင်မှု (Qmax) | - | တစ်စက္ကန့်လျှင် ၅၀၀ ကုဗမီတာ |
| အမြင့်ဆုံးရေအနက် (MWL) | - | EL.395.00 m |
| အနိမ့်ဆုံးလုပ်ငန်းလည်ပတ်မှုအဆင့် (MOL) | - | EL.385.00m |

အမြင့်ဆုံးကြာမြင့်ချိန် - ၈ နာရီ

ယူနစ်အရေအတွက် - ၄ ခု ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။**

| | | | |
|---|---|---|---|
| **စွမ်းအင်အညွှန်းကိန်းများ** | | | |
| | သတ်မှတ်ထားသောလုပ်နိုင်စွမ်း | | ၂၈၀ မဂ္ဂါဝပ် (၄ x ၇၀ မဂ္ဂါဝပ်) |
| | နှစ်စဉ်စွမ်းအင်ထုတ်လုပ်မှု | | ၁,၄၀၉ GWh |
| **ဇလဗေဒနှင့် ရေလှောင်ကန်** | | | |
| | ရေဝပ်ဧရိယာ | | ၂၁,၇၀၀ စတုရမ်းကီလိုမီတာ |
| | ပျမ်းမျှနှစ်စဉ်မိုးရွာသွန်းမှု | | ၁,၂၇၀ မီလီမီတာ (၅၀ လက်မ) |
| | ပျမ်းမျှနှစ်စဉ် ဝင်ရေ | | ၁၁,၇၀၀ ကုဗမီလီမီတာ |
| | စုစုပေါင်းသိုလှောင်မှုစွမ်းရည် | | ၃၄၁ Millionကုဗမီတာ |
| | လက်တွေ့သိုလှောင်မှုစွမ်းရည် | | ၁၉၆ Millionကုဗမီတာ |
| | ကြွင်းကျန်သိုလှောင်မှုစွမ်းရည် | | ၁၄၅ Millionကုဗမီတာ |
| | ပုံမှန်လည်ပတ်သည့် ရေအနက် | | EL. ၃၉၅.၀၀၀ m |
| | အနိမ့်ဆုံးလည်ပတ်သည့် ရေအနက် | | EL. ၃၈၅.၀၀ m |
| | အောက်ခြေရေအနက်(4Unit) | | EL. ၃၂၃.၀၀ m |
| | ၁၀,၀၀၀-နှစ် ရေကြီးမှု | | ၅,၈၀၀ ကုဗမီတာ/စက္ကန့် |
| **ပင်မအစိတ်အပိုင်းများ** | | | |
| | ရေလွှဲ | အမျိုးအစား | ဥမင် |
| | | အချင်း | ၁၀ မီတာ |
| | | အရေအတွက် | ၁ |
| | | အရှည် | ၃၁၃.၀ မီတာ |
| | ရေလွှဲသည့်နေရာမှ ထွက်ရှိနိုင်မှု | | ၉၁၉ ကုဗမီတာ/စက္ကန့် (နှစ် ၅၀၊ ခြောက်သွေ့ရာသီ) |
| **ပင်မရေလှောင်တမံ** | | | |
| | အမျိုးအစား | | Roller Compacted Concrete Dam (RCC) |
| | အမြင့် | | ၁၀၂ မီတာ |
| | ထိပ်အမြင့် | | EL. ၃၉၈ m |
| | ထိပ်အရှည် | | ၂၆၅.၅ မီတာ |
| **ရေပိုလွှဲနှင့် အောက်ခြေရေထုတ်ပေါက်** | | | |
| | အမျိုးအစား | | အိုဂီးရေတံခါး (Ogee Type) |

| | | | |
|---|---|---|---|
| | ရေလျှံအမြင့် | | ၅၄ မီတာ |
| | အရေအတွက် | | ၄ |
| | အရွယ်အစား | | ၁၃.၅ မီတာ (အနံ) x ၁၃ မီတာ (အမြင့်) |
| | ရေပိုလွှဲမှ ထွက်ရှိနိုင်မှု | | ၅,၈၀၀ကုဗမီတာ/စက္ကန့် |
| | အောက်ခြေရေထွက်ပေါက်ဘောင်အမြင့် | | EL. ၃၃၈ မီတာ |
| | အောက်ခြေရေထွက်ပေါက်အရေအတွက် | | ၂ |
| | အရွယ်အစား | | ၄.၁ မီတာ (အနံ) x ၅.၅ မီတာ (အမြင့်) |
| **ရေသွင်းမှု** | | | |
| | အမျိုးအစား | | တာဝါ |
| | ရေဝင်ပေါက်ဘောင်အမြင့် | | EL. ၃၆၀.၀၀ မီတာ |
| | အရေအတွက် | | ၂ |
| **ရေသွယ်ဥမင်လှိုဏ် (Headrace Tunnel)** | | | |
| | အမျိုးအစား | | Pressure type concrete lining |
| | အချင်း | | ၁၂.၅ မီတာ |
| | အရေအတွက် | | ၂ |
| | အလျား | (ဥမင်-၁) | ၄၆၈.၉၈ မီတာ |
| | | (ဥမင်-၂) | ၅၃၃.၄ မီတာ |
| | ထုတ်လွှတ်မှုပုံစံ | | ၂၅၀ ကုဗမီတာ/စက္ကန့်/ယူနစ် |
| **ဖိအားမြင့်ပိုက်လိုင်း (Penstock)** | | | |
| | အမျိုးအစား | | စတီးပိုက် (မြေအောက်မြှုပ်နှံထားသည့်ပုံစံ) |
| | အချင်း | | ၁၂.၅ - ၄.၅ မီတာ |
| | အလျား | | ၆၇.၄ မီတာ |
| | အရေအတွက် | | ၂ |
| **ဓာတ်အားပေးစက်ရုံ (Power House) နှင့် တာဘိုင်** | | | |
| | Power House | အမျိုးအစား | Open air type |
| | | အရွယ်အစား | ၈၆ မီတာ(အလျား) x ၃၉.၈ မီတာ(အနံ) x ၄၅ |
| | တာဘိုင် | အမျိုးအစား | Vertical shaftı Francis |
| | | တာဘိုင်ထုတ် | ၁၂၅ ကုဗမီတာ/စက္ကန့် |
| | | ထွက်ရှိမှုနှုန်း | ၇၀ မဂ္ဂါဝပ်/ယူနစ် |
| | | အရေအတွက် | ၄ ခု |

၅။ **စီမံကိန်းတည်နေရာ။** ခန့်မှန်းမြေပုံညွှန်း UTM-2297-04 (2460556.38N, 304688.70E) တွင်တည်ရှိသည်။ မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၁၆၀ ကီလိုမီတာ ခန့် (၈၇ မိုင်) အကွာ၊ ကျောက်မဲမြို့၏ တောင်ဘက် ၃၂ ကီလိုမီတာ (၂၀ မိုင်) အကွာတွင် တည်ရှိပါသည်။

## အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတည်နေရာပြမြေပုံ



ပြည်ထောင်စု
ဝန်ကြီးရုံး

# အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ Layout Plan ပြမြေပုံ



## အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ Waterway အမှတ် (၁) နှင့် အမှတ် (၂) ပြမြေပုံ






နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၁၆၀ ကီလိုမီတာခန့် (၈၇ မိုင်) အကွာ၊ ကျောက်မဲမြို့၏ တောင်ဘက် ၃၂ ကီလိုမီတာ (၂၀ မိုင်) အကွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ရဲရွာရေအားလျှပ်စစ် (၂၈၀ မဂ္ဂါဝပ်) စီမံကိန်းအတွက် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၁၁၀၅/၁၉၇/ရေ-ပြည့်ဖြိုး/စီမံရေး(လျှပ်စစ်) ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၁။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း

၂။ ရေလွှဲဥမင်လိုဏ်လုပ်ငန်း

၃။ မြစ်ရေလွှဲခြင်းလုပ်ငန်း

၄။ ပင်မတာမံလုပ်ငန်း

၅။ ရေပိုလွှဲလုပ်ငန်း

၆။ ရေယူအဆောက်အအုံလုပ်ငန်း

၇။ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း

၈။ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း

၉။ ဓာတ်အားပေးစက်ရုံလုပ်ငန်း

၁၀။ ရေဝပ်ဧရိယာအတွင်းကျရောက်သည့်ကျေးရွာများ ရွှေ့ပြောင်းခြင်းလုပ်ငန်း

လုပ်ငန်းအလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | လုပ်ငန်း အကြောင်းအရာ | ရေတွက်ပုံ | လုပ်ငန်း ပမာဏ | ပြီးစီးမှု ပမာဏ | ဆောင်ရွက်ရန်ကျန်ရှိ ပမာဏ | ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁။ | ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်း | လုပ်ငန်း | ၁ | ၀.၉၉ | ၀.၀၁ | ၉၇% |
| ၂။ | ရေလွှဲဥမင်လိုဏ်လုပ်ငန်း | ကျင်း | ၅,၇၀၀ | ၅,၇၀၀ | - | ၉၇% |
| ၃။ | မြစ်ရေလွှဲခြင်းလုပ်ငန်း | လုပ်ငန်း | ၁ | ၁ | - | ၁၀၀% |
| ၄။ | ပင်မတာမံလုပ်ငန်း | ကျင်း | ၁၈၁,၆၆၀ | - | ၁၈၁,၆၆၀ | ၄၁% |
| ၅။ | ရေပိုလွှဲလုပ်ငန်း | ကျင်း | ၁၄,၈၀၇ | - | ၁၄,၈၀၇ | - |
| ၆။ | ရေယူအဆောက်အအုံ လုပ်ငန်း | ကျင်း | ၂၁,၀၄၇ | ၁၃,၅၃၇.၅ | ၇,၅၀၉.၅ | ၅၂% |
| ၇။ | ရေသွယ်ဥမင်လိုဏ် လုပ်ငန်း | ကျင်း | ၁၅,၇၉၇ | ၁၅,၇၉၇ | - | ၁၀၀% |
| ၈။ | ဖိအားမြင့်သံမဏိပိုက် လိုင်းလုပ်ငန်း | လုပ်ငန်း | ၉,၇၉၁ | ၁,၃၉၇.၂၈ | ၈,၃၉၃.၇၂ | ၇% |
| ၉။ | ဓာတ်အားပေးစက်ရုံ လုပ်ငန်း | ကျင်း | ၃၄,၃၇၉ | - | ၃၄,၃၇၉ | ၂၄% |
| ၁၀။ | ရေဝပ်ဧရိယာအတွင်းကျရောက်သည့်ကျေးရွာများ ရွှေ့ပြောင်းခြင်း | လုပ်ငန်း | ၁ | ၀.၀၃ | ၀.၉၇ | ၃% |
| **စုစုပေါင်း ပြီးစီးမှု** | | | | | | ၅၃.၉၄ % |

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ခြင်းအဆင့်တွင် ဖုန်မှုန့်ထွက်သည့် နေရာများအား ရေဖျန်းခြင်း၊ လူများသွားလာသည့် လမ်းများပေါ်တွင် မော်တော်ယာဉ်၏ အမြန်နှုန်း (တစ်နာရီ ကီလို ၄၀ ခန့်သာ) ကန့်သတ်ထားခြင်း၊ ဆောက်လုပ်ရေးပစ္စည်း/မြေများတင်ဆောင်လာသော ယာဉ်များအား စနစ်တကျဖုံးအုပ်ထားခြင်း၊ ကြိုတင်ကာကွယ် ထိန်းသိမ်းမှုစနစ်များ ထားရှိခြင်းများ ဆောင်ရွက်သွားရန်၊

(၂) နေ့စဉ်မော်တော်ယာဉ်နှင့် ပစ္စည်းကိရိယာများ စစ်ဆေးခြင်း၊ လေတိုက်နှုန်းမြင့်မားသော နေရာများတွင် ဖုန်ထွက်စေသည့် လုပ်ဆောင်မှုများအား ရပ်တန့်ထားခြင်း၊ ကောင်းသောလုပ်ငန်းအလေ့အကျင့်များအားလိုက်နာခြင်း၊ ပစ္စည်းများအား အသုံးမပြုချိန်တွင် ပိတ်ထားခြင်း၊ မော်တော်ယာဉ်များသွားလာချိန်တွင် ဆောက်လုပ်ရေး အချိန်ဇယားအား လျှော့ချခြင်းများ ဆောင်ရွက်သွားရန်၊

(၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ယာဉ်သွားလာမှု နည်းပါးစေခြင်း၊ သစ်ပင်ခုတ်ထားသောနေရာများတွင် သစ်ပင်များပြန်လည်စိုက်ပျိုးခြင်းများကို ပြုလုပ်ခြင်း၊ ဆောက်လုပ်ရေးကာလတွင် ယာယီလမ်းများဖောက်ခြင်းဖြင့်လုပ်ငန်းခွင် နေရာအား ဖုန်မှုန့်ကင်းအောင်ထားခြင်း၊ မော်တော်အင်ဂျင်များနှင့် အခြား စက်ပစ္စည်းများအား မလိုလားအပ်သောညစ်ညမ်းမှုများ မဖြစ်ပွားစေရန် လိုအပ်မှသာလျှင် လည်ပတ်ခြင်းများ ဆောင်ရွက်သွားရန်၊

(၄) လုပ်ငန်းသုံးလမ်းများ၏ အစိတ်အပိုင်းများ၊ အထူးသဖြင့် ရွာများတစ်လျှောက်တွင် လမ်းခင်းခြင်းကို ဆောင်ရွက်ရန်၊

(၅) လေထုညစ်ညမ်းမှုလျှော့နည်းစေရေးအတွက် မြေကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အဖုံးများလုံခြုံစွာဖုံးအုပ်၍ စနစ်တကျ သယ်ယူပို့ဆောင်ရန်၊

(၆) ဆောက်လုပ်ရေးဧရိယာအတွင်း နေရာတစ်ခုတွင် လေအရည်အသွေး ပုံမှန်စောင့်ကြည့်လေ့လာသွားရန်။

(ဃ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတစ်ခုချင်းစီမှ ထုတ်လွှတ်သည့် အခိုးအငွေ့များအတွက် ကုစားရမည့် နည်းလမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) စွမ်းအင်ချွေတာ၍ လေထုညစ်ညမ်းမှုလျော့နည်းစေသော စက်နှင့် စက်ပစ္စည်း များကိုသာ အသုံးပြုရန်၊

(၃) အလုပ်သမားများကို တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ထောက်ပံ့ ပေးရန်နှင့် လုပ်ငန်းခွင်အတွင်း ဝတ်ဆင်စေရန်၊

(၄) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(င) **ဇလဗေဒနှင့် ရေအရည်အသွေးအပေါ်သက်ရောက်မှုများကြောင့် ထိခိုက်မှုလျော့ပါး စေရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Ecological Flow အနေဖြင့် 0.53 $m^3/s$ အား ရေလှောင်ကန်မှထုတ်လွှတ်ရန်၊

(၂) မြစ်အောက်ပိုင်းအခြေခံဂေဟစနစ်အား ထိန်းသိမ်းရန်အတွက် Ecological Flow ပမာဏအား တိုးမြှင့်ရန်လိုအပ်ပါက တိုးမြှင့်ထုတ်လွှတ်ပေးရန်၊

(၃) ရေလှောင်ကန်အတွင်းရှိ ရေအရည်အသွေးနှင့် မြစ်အောက်ပိုင်းရှိ ရေအရည် အသွေးအား စောင့်ကြပ်ကြည့်ရှုရန် ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြပ်ကြည့်ရှုမည့် ကန်ထရိုက်တာကို ငှားရမ်းဆောင်ရွက်ရန်၊

(၄) ရေအရည်အသွေးအား နေရာ (၅) နေရာတွင် (၆) လတစ်ကြိမ် (၅) နှစ်တိတိ စောင့်ကြပ်ကြည့်ရှုရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် စွန့်ပစ်ရေ အရည်အသွေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက် များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပေါ်ယံမြေဆီလွှာဆုံးရှုံးမှုကို ကာကွယ်ရန်အတွက် ဆောက်လုပ်ခြင်းမတိုင်မီ အပေါ်ယံမြေများကို ရှင်းလင်းခြင်း၊ သိုလှောင်ခြင်းနှင့် ပြန်လည်ထူထောင်ရေး အတွက် ပြန်လည် အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် အပေါ်ယံမြေဆီလွှာများ စနစ်တကျ စုပုံထားရှိ၍ သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်၊

(၃) မြေတိုက်စားမှုကို လျှော့ချရန် လျှောစောက်များကို ချက်ချင်းပြန်လည် စိုက်ပျိုး ရန်၊

(၄) မြေဆီလွှာပျက်စီးမှုလျော့နည်းစေရေးအတွက် ကုန်ကြမ်းများနှင့် လောင်စာဆီများကို ကွန်ကရစ်ခင်း၍ စနစ်တကျ သိုလှောင်ထားရှိရန်၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းမှ ထွက်ရှိသည့် အမှိုက်စများ၊ အလုပ်သမားများ နေထိုင်သည့် နေရာမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်၊

(၆) မြေဆီလွှာညစ်ညမ်းမှုဖြစ်ပေါ်စေသည့် လောင်စာဆီနှင့် ဆီယိုစိမ့်မှုမရှိစေရန် အတွက် စနစ်တကျဆောင်ရွက်ရန်၊

(၇) စီမံကိန်းဧရိယာများမှ ဖယ်ရှားထား၍ စုပုံထားသည့်အပေါ်ယံမြေများကို ပြန်လည် အသုံးပြုခြင်းတို့ဆောင်ရွက်ရန်။

(ဓ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်များနှင့် စက်ကိရိယာများ ပုံမှန်စစ်ဆေးပြုပြင်ရန်၊

(၂) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် မော်တော်ယာဉ်များအား အမြန်နှုန်း ကန့်သတ်မောင်းနှင်စေရန်၊

(၃) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် ပစ္စည်းတင်/ချ လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် မော်တော်ယာဉ်စက်များ ပိတ်ထားရန်နှင့် လုပ်ငန်းရပ်နား ထားချိန်တွင် စက်များ၏ ပါဝါခလုတ်များကို ပိတ်ထားရန်၊

(၄) ဆူညံသံထွက်ရှိမှုများသော တည်ဆောက်ရေးလုပ်ငန်းများကို နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၅) အလုပ်သမားကို တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ဖြစ်သည့် နားကြပ်၊ နားအဖုံး၊ ဦးထုပ်၊ လက်အိတ် စသည်တို့ကို ထောက်ပံ့ပေးရန်၊

(၆) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် မီးစက်နှင့် အခြားစက်များတွင် အသံလုံစနစ်တပ်ဆင်ထားရှိရန်။

(ဈ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုများသောနေရာများတွင် လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများအား အလှည့်ကျစနစ်ဖြင့် တာဝန်ချထားပေးရန်၊

(၂) ကန့်သတ်နယ်မြေများအနီးတွင် လုပ်ငန်းဆောင်ရွက်ခြင်းအား ကြိုတင်အသိပေးခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ချိန်အား ကန့်သတ်ထားရန်၊

(၃) မော်တော်ယာဉ်များနှင့် စက်ကိရိယာများကို ပုံမှန်စစ်ဆေးပြုပြင်ရန်၊

(၄) သယ်ယူပို့ဆောင်ရေးယာဉ်များ၏ ယာဉ်မောင်းများအား အများပြည်သူဖြတ်သန်းသွားလာရာနေရာများတွင် ဆူညံသံများမထွက်ရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(၅) စက်ယန္တရားများ အသုံးပြုရာတွင် ဆူညံသံသက်သာစေသော စက်များကိုသာ ရွေးချယ်အသုံးပြုရန်၊

(၆) အင်ဂျင်နှင့် စက်ယန္တရားများ၊ ပစ္စည်းကိရိယာများကို ကောင်းမွန်စွာထားရှိခြင်း၊ အသံဆူညံမှုနှင့်ပတ်သက်၍ ပြည်သူလူထုမှ တင်ပြခဲ့သည်များရှိပါက ညှိနှိုင်းကာ ပြေလည်အောင် ဆောင်ရွက်ပေးခြင်းများပြုလုပ်ရန်၊

(၇) ဆူညံသံနှင့် တုန်ခါမှုကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးအလုပ်သမားများအား ကာကွယ်ရေးဆိုင်ရာ အသိပညာများမြှင့်တင်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်းမှ တားမြစ်ခြင်းအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ဆောက်လုပ်ရေးဧရိယာအတွင်း တိရစ္ဆာန်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်းများ ဆောင်ရွက်သွားရန်၊

(၃) ဆောက်လုပ်ရေးစက်ပစ္စည်းများ၏ လုပ်ငန်းလည်ပတ်ချိန်အတွင်း တိရစ္ဆာန်များကို အနှောင့်အယှက်ဖြစ်စေမှုအား ရှောင်ရှားရန်အတွက် သင့်လျော်သော အစီအစဉ်များထားရှိခြင်းနှင့် မိုင်းဖောက်ခွဲခြင်းကဲ့သို့သော ဆူညံသံမြင့်မားသည့်

ဆောက်လုပ်ရေးလုပ်ငန်းများအား တိရစ္ဆာန်များ၏ သားပေါက်ရာသီတွင် ဆောင်ရွက်ခြင်းများအား ရှောင်ရှားခြင်းများ ဆောင်ရွက်သွားရန်၊

(၄) ဆောက်လုပ်ရေးဧရိယာတွင် မီးဘေးကာကွယ်ရေးနှင့် မီးဘေးအချက်ပေး စနစ်အကောင်ထည်ဖော်ဆောင်ခြင်းအားဖြင့် သဘာဝပေါက်ပင်များအား မီးဘေးကြောင့် ထိခိုက်မှုဖြစ်ခြင်းမှ ရှောင်ရှားကာကွယ်ခြင်းများ ဆောင်ရွက်သွားရန်၊

(၅) လုပ်ငန်းခွင်နေရာတွင် မူရင်းအခြေအနေသို့ရောက်အောင် ပြန်လည်ဖြည့်တင်းခြင်းနှင့် စိမ်းလန်းစိုပြေရေးကဲ့သို့သော ဂေဟစနစ်ဝန်းကျင်တည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန်၊

(၆) အဓိကအဆောက်အဦများ၊ ဆောက်လုပ်ရေးတန်းလျားများ၊ အပျက်အစီးသို လှောင်ရာနေရာများ၊ မြေတူးဖော်ထားသည့်နေရာများ၏ ပတ်ဝန်းကျင်နှင့် လမ်းဘေးဝဲရာအနီးတစ်ဝိုက်တို့ရှိ ရှင်းလင်းထားသည့်သဘာဝပေါက်ပင်များအား ပြန်လည်ဖြည့်တင်းပြီး ယင်းဧရိယာ၏ မူရင်းဂေဟစနစ်ဖြစ်စေရန် ပြန်လည် ဖြည့်တင်းခြင်းများ ဆောင်ရွက်ရန်၊

(၇) နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများနှင့် ကုန်းနေရေနေ သတ္တဝါများ၏ စားကျက်နေရာ လက္ခဏာရပ်များနှင့် မျိုးစိတ်ပေါက်ဖွားပျံ့နှံ့မှုများ ပြောင်းလဲမှု ရှိ/ မရှိကို သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင် ရွက်ရန်၊

(၈) ရေဝေရေလဲဒေသဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင် ခြင်းတွင် ပူးပေါင်းပါဝင်ခြင်းများ ဆောင်ရွက်ရန်၊

(၉) လိုအပ်သည့် ဂေဟစနစ်အခြေခံအချက်အလက်များ ထပ်မံလေ့လာခြင်းများ ဆောင်ရွက်ရန်၊

(၁၀) ထိန်းချုပ်ရေးစင်များ၊ ဂိတ်တံခါးများ၊ ဝန်ထမ်းအိမ်ရာများ၊ လမ်းကြောင်းစသည့် လိုအပ်သောအခြေခံအဆောက်အဦများ အကောင်အထည်ဖော်ခြင်းတွင်ပူးပေါင်း ပါဝင်ခြင်းများ ဆောင်ရွက်ရန်၊

(၁၁) အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ စားသုံးရန်အတွက် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းထားခြင်း (အသား) စသည်တို့အား တားမြစ်ရန် အလုပ်သမားကျင့်ဝတ် စည်းမျဉ်းများ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရန်၊

(၁၂) ပြည်နယ်သစ်တောစီမံခန့်ခွဲမှုဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဘုတ်အဖွဲ့ကြား ပူးပေါင်းဆောင်ရွက်ခြင်းအတွက် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးစေခြင်းများ ဆောင်ရွက်ရန်၊

(၁၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောမီးကာကွယ်ရေးစာသားများပါဝင်သည့် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းများ ဆောင်ရွက်ရန်၊

(၁၄) သဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေးစာများ ပါဝင်သည့် ပိုစတာများ၊ လက်ကမ်းစာစောင်များအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေလှောင်ကန်နေရာနှင့် စီမံကိန်းဧရိယာအတွင်းမှ ရွာများတွင် ရှိသော အလုပ်သမားတန်းလျားများ၊ ဝန်ဆောင်မှုများ (ဆိုင်များ၊ စားသောက်ဆိုင်များ၊ ရုံးများ စသည့်) သို့ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်၊

(၁၅) စီမံကိန်းဧရိယာ (လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေလှောင်ကန်ဧရိယာ၊ ရေဝေရေလဲဒေသ) တွင်ရှိသော မျိုးသုန်းအန္တရာယ်ရှိသည့် တောရိုင်းတိရိစ္ဆာန်မျိုးစိတ်များအပေါ် သက်ရောက်မှုများအတွက် စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်များ ဆောင်ရွက်ရန်၊

(၁၆) လျှပ်စစ်ဓာတ်အားပေးစက်ရုံဧရိယာတွင် သဘာဝပေါက်ပင်များ ပြန်လည်ထိန်းသိမ်းခြင်း (ဧရိယာ၊ အရေအတွက် နှင့် အမျိုးအစား) အား ဆောင်ရွက်ရန်။

(ဠ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော နေရာတွင် စနစ်တကျစွန့်ပစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၂) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် သာမန်စွန့်ပစ်ပစ္စည်းတို့အား သီးခြားထားရှိပြီး အမှတ်အသားများ ပြုလုပ်၍ စနစ်တကျစုပုံထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရန်၊

(၄) ဆောက်လုပ်ရေးလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသောနေရာများတွင် စုပုံထားရှိ၍ စနစ်တကျစွန့်ပစ်ရန်၊

(၅) စီမံကိန်းဧရိယာအတွင်း သင့်လျော်သော အမှိုက်ပုံးများကို အသုံးပြု၍ အမှိုက်များအား စနစ်တကျခွဲခြားစွန့်ပစ်ရန်နှင့် အမှိုက်ပုံးများထားရှိသည့် နေရာများအား

အညစ်အကြေးထွက်ရှိမှု လျော့နည်းစေရန်အတွက် အမိုးအကာများပြုလုပ်ထားရှိရန်၊

(၆) အထွေထွေစွန့်ပစ်ပစ္စည်းများစွန့်ပစ်သည့် အမှိုက်ပုံးများအတွင်းသို့ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်၊

(၇) ပလတ်စတစ်စများ၊ ပုလင်းများ၊ သံတိုသံစများကို ပြင်ပသို့ စွန့်ပစ်ခြင်းမပြုဘဲ ဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချရန်၊

(၈) လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများအား စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ အလေ့အကျင့်များ လိုက်နာဆောင်ရွက်စေရေး သင်တန်းပို့ချပေးရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ပုံနည်းစနစ်ကို ဝန်ထမ်းများအား သင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးရန်နှင့် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) များ ထောက်ပံ့ပေးရန်၊

(၁၀) လုပ်ငန်းခွင်မှ ထွက်ရှိသည့် အမှိုက်အမျိုးအစားနှင့် ပမာဏကို အပတ်စဉ်မှတ်တမ်းတင်ရန်။

(၄) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းတစ်ခုချင်းစီမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသောနေရာများတွင် စနစ်တကျစွန့်ပစ်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် သီးခြားခွဲထားရန်နှင့် ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာ ပြုလုပ်သူများထံသို့ ပေးပို့ရန်၊

(၃) အမှိုက်ပုံးများကို ကိုင်တွယ်ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်စေရေးအတွက် လွယ်ကူစွာအသုံးပြုနိုင်သည့် ပုံးများအား သုံးစွဲရန်၊

(၄) အန္တရာယ်ဖြစ်စေသောပစ္စည်းနှင့် ဓာတုပစ္စည်းများအား သတ်မှတ်ထားသောနေရာတွင် သိုလှောင်းထား၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့်ချိတ်ဆက်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ဍ) **လူမှု-စီးပွားထိခိုက်မှုစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အများပြည်သူအား ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည့် အတိုင်းအတာများနှင့် ဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုနှင့် ကန့်သတ်ချက်များအား ရှင်းပြပေးထားရန်၊

(၂) လမ်းလွှဲများ၊ ယာယီချဉ်းကပ်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ယာဉ်သွားလာမှု အဆင်ပြေစေရေး အလေးထားဆောင်ရွက်ရန်၊

(၃) ဆောက်လုပ်ရေးကန်ထရိုက်တာများအနေဖြင့် ပစ္စည်းများ သယ်ပို့ရာတွင် အများပြည်သူသွားလာသည့်လမ်းများ အသုံးပြုခြင်းအား တတ်နိုင်သမျှ ရှောင်ကြဉ်၍ လိုအပ်ပါက အများပြည်သူနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊

(၄) ဒေသတွင်း ကုန်စည်နှင့် ဝန်ဆောင်မှုများ သုံးစွဲမှုကို ပိုမိုဆောင်ရွက်ပေးရန်၊

(၅) ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဦးစားပေးဆောင်ရွက်ပေးရန်၊

(၆) မော်တော်ယာဉ်များ၏ သွားလာမှုနှုန်းအား ကန့်သတ်ထားရန်နှင့် လမ်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်။

(ဎ) **လူမှု-စီးပွားထိခိုက်မှုစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရုံးများ၊ ဘုန်းကြီးကျောင်းများကို မူလအနေအထားထက် လျော့နည်းမှုမရှိစေဘဲ ပြန်လည်တည်ဆောက်ပေးရန်၊

(၂) လျှပ်စစ်ယိုစိမ့်မှုဖြစ်ပွားခြင်းနှင့် လျှပ်စစ်ပစ္စည်းများ အပူလွန်ကဲမှု မဖြစ်စေရန် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို စီမံဆောင်ရွက်ထားရန်၊

(၃) စီမံကိန်းရေယာအား ခြံစည်းရိုးကာရံထားခြင်းဖြင့် အများပြည်သူ၏ ရေယာပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အငြင်းပွားမှုမဖြစ်စေရေးအတွက် စီမံဆောင်ရွက်ထားရှိရန်၊

(၄) စီမံခန့်ခွဲရေးအဖွဲ့သည် စီမံကိန်းလည်ပတ်ရေးကာလတစ်လျှောက်တွင် လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် လူမှုစီးပွားရေးထိခိုက်မှုများ၊ ရေညစ်ညမ်းမှုများနှင့် မတော်တဆထိခိုက်မှုများမဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ချမှတ်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုအစီအမံများ (အရေးပေါ် သူနာပြုစုနည်းများ) ထားရှိရန်၊

(၃) လုပ်သားအားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေစီစဉ်ပေးရန်၊

(၄) ဆောက်လုပ်ရေးကာလအတွင်း စီမံကိန်းယာဉ်များအပါအဝင် ယာဉ်မတော်တဆမှုများ လျော့ပါးစေရေး အသိပညာပေးခြင်း ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်သုံးစက်နှင့် မော်တော်ယာဉ်များမှ စက်သုံးဆီများ ယိုစိမ့်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးရန်၊

(၆) ဒေသဆိုင်ရာ အရေးပေါ်အာဏာပိုင်များနှင့် ဆေးရုံများ ပူးပေါင်း၍ အရေးပေါ် တုံ့ပြန်ရေး အစီအစဉ်များကို ရေးဆွဲရန်၊

(၇) စီမံကိန်းနှင့်သက်ဆိုင်သည့် သက်ဆိုင်သူ၏စိုးရိမ်မှုများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းရန် ရပ်ရွာမကျေနပ်ချက်ဖြေရှင်းရေးအစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။

(တ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းအတွင်းရှိ အလုပ်သမားများကို ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးရန်၊

(၂) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ အဆင်ပြေစေရေးအတွက် သောက်သုံးရေ၊ ထမင်းစားဆောင်တို့ကို စီစဉ်ပေးရန်၊

(၃) အရေးပေါ်အခြေအနေတွင် အသုံးပြုမည့် မီးသတ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာပစ္စည်းများနှင့် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၄) ဝန်ထမ်းများအား ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများ သင်ကြားပို့ချပေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ဒေသနေပြည်သူများနှင့် ဆက်စပ်သော ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ သက်ရောက်မှုများကို နည်းပါးစေရန်အတွက် အလုပ်သမားများအားလုံးသည် ဒေသ တွင် အခြေချနေထိုင်ခြင်းထက်ဝန်ထမ်းဆောင်များတွင်ထားရှိရန်၊

(၆) ရေလှောင်ကန်ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါရှိသော အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ် (Implementation Plan) အတိုင်း ဆောင်ရွက်ရန်။

(ထ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေး၊ လေျင်ဘေး၊ ရေဘေးစသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ဖြေရှင်းနိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲပြင်ဆင်ထားရန်၊

(၂) အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ဝန်ထမ်းများအား သင်တန်းများပို့ချသင်ကြားပေးထားရန်၊

(၃) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အသုံးပြုရန် အတွက် လူနာတင်ကား အသင့်ထားရှိရန်၊

(၄) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် သင်တန်းပို့ချပေးရန်၊

(၅) ပေါက်ကွဲစေနိုင်သောပစ္စည်း၊ လောင်စာဆီ၊ ဆောက်လုပ်ငန်းရေးလုပ်ငန်းသုံး အကြီးစားစက်ပစ္စည်းစသည်တို့ကို သိုလှောင်ထားသည့် နေရာများတွင် သတိပေး ဆိုင်းဘုတ်များ စိုက်ထူထားရှိရန်နှင့် တာဝန်ရှိသူမှအပ ဝင်ရောက်ခြင်းမပြုရန်၊

(၆) လုပ်ငန်းခွင်အတွင်းရှိ မြင်သာသောနေရာများတွင် မီးသတ်ဌာန၊ ရဲစခန်း၊ ဆေးရုံတို့ကို ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ချိတ်ဆွဲထားရန်။

(ဒ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက မီးငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်များ၊ မီးသတ်ရေကန်များနှင့် သဲပုံးများကို ကြိုတင်စီမံထားရှိရန်၊

(၂) အရေးပေါ်လမ်းကြောင်းများနှင့် တည်နေရာများကို ထွက်ပေါက်များ ပိတ်ဆို့ခြင်း မရှိစေရေးအတွက် စီမံဆောင်ရွက်ထားရန်၊

(၃) စီမံကိန်းသည် လျှောင်လှိုင်းနှင့် လျှောင်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ် နှင့် လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးပေးရန်၊

(၄) လုပ်ငန်းခွင်အတွင်း လိုအပ်သောသင်တန်းများ၊ ရှေးဦးသူနာပြုစုနည်းသင်တန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သင်တန်းများ အား သင်ကြားပို့ချပေးထားရန်၊

(၅) အရေးပေါ်အခြေအနေဖြစ်ပွားပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား မြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၆) အဆိုးရွားဆုံး ရေလွှမ်းမိုးမှု အခြေအနေများကို ထိန်းထားနိုင်သော သင့်လျော် သော ရေလွှမ်းမိုးမှု အတားအဆီးများကို တည်ဆောက်ရန်၊

(၇) ရေကြီးရေလျှံမှုအခြေအနေများအတွင်း ပိုလျှံနေသောရေများကို လမ်းကြောင်း လွှဲရန် အတွက် ရေလွှဲမြောင်းများကို စနစ်တကျတည်ဆောက်ရန်၊

(၈) အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းအတွက် ဘေးလွတ်ရာရွှေ့ပြောင်းရေး လေ့ကျင့်မှု နှင့် တုံ့ပြန်ဆောင်ရွက်မှုများကို ပုံမှန်လုပ်ဆောင်ရန်၊

(၉) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိ ရန်။

(၈) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ $PM_{10}$, $PM_{2.5}$, $SO_2$, $NO_2$, Ozone, စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, Total Suspended Solids, COD, BOD, Oil and Grease, Total Coliform Bacteria, Total Nitrogen and Total Phosphorous စသည့် Parameter များအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စီမံကိန်းဧရိယာအတွင်း ဆူညံသံထွက်ရှိမှုအား တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၄) မြေအရည်အသွေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဧရိယာအတွင်း တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(၅) လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အလုပ်သမားစီမံခန့်ခွဲမှု အတွက် အဖြစ်အပျက်ဖြစ်ရပ်နှင့် စာရင်းများကို လစဉ်စောင့်ကြည့်စစ်ဆေးရန်၊

(၆) ဆည်နှင့် ဆည်အောက်ပိုင်းဒေသများ (အထူးသဖြင့် ၁၅.၇ ကီလိုမီတာအပိုင်း) မှ ငါးအရေအတွက်ကောက်ယူခြင်းကို နှစ်စဉ်ဆောင်ရွက်ရန်၊

(၇) နှစ်စဉ်ငါးအရေအတွက်ကောက်ယူဆန်းစစ်ခြင်းအရ ပုံမှန်မဟုတ်သောအခြေအနေမျိုး ကြုံတွေ့လာပါက ငါးအရေအတွက်ကောက်ယူဆန်းစစ်ခြင်းကို တစ်နှစ် (၂) ကြိမ် တိုးမြှင့်ဆောင်ရွက်ရန်။

(န) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ် အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့် အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ပ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** စီမံကိန်းအဆိုပြုသူသည် အုပ်ချုပ်မှု အာဏာပိုင်များ၊ အသိုင်းအဝိုင်းများနှင့် တရားဝင် ဆက်သွယ်မှုပုံစံနည်းလမ်းတစ်ခုကို ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်သူသည် လိုအပ်သည့်အခါတိုင်း ပြဿနာများကို အုပ်ချုပ်မှုအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက် ပေးရန်အတွက် တာဝန်ရှိပါသည်။ စီမံကိန်းဆောင်ရွက်သူ ထိုသို့သော ဆက်သွယ်ဆောင်ရွက်မှုများ ကို သိထားပြီး ထိုကဲ့သို့ အပြန်အလှန်ဆက်သွယ်မှုများမှ ဖြစ်ပေါ်လာသော သက်ဆိုင်ရာ အချက်အလက်များကို ကန်ထရိုက်တာများထံ အကြောင်းကြားပါမည်။ လိုအပ်ချက် အရ စီမံကိန်းတွင်စွမ်းဆောင်ရည်လိုအပ်ချက်များ၊ နယ်ပယ်များနှင့်ပေါ်ပေါက်လာသော ပြဿနာများကို ပြန်လည်သုံးသပ်ရန်အတွက် သင့်လျော်သော အုပ်ချုပ်မှုအာဏာပိုင် များနှင့် ရပ်ရွာကိုယ်စားလှယ်များအကြား အစည်းအဝေးများကျင်းပမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာမှုရှိမည်ဖြစ်ပြီး သက်ဆိုင်သူများမှ ပေါ်ပေါက်လာသော စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်အတွက် ဝန်ထမ်းများနှင့် သတင်း အချက်အလက်များကို ရယူသုံးစွဲဆောင်ရွက်ရမည်။

(ဖ) **လျှာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြု မည့် လျှာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုအပ်လျှောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၁၅၀)ခန့် လျာထားဆောင်ရွက်ရန်၊

(၂) ရေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၁၅၀)ခန့် လျာထား ဆောင်ရွက်ရန်၊

(၃) အသံဆူညံမှု စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၅၀)ခန့် လျာထား ဆောင်ရွက်ရန်၊

(၄) မြေဆီလွှာအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၅၀) ခန့် လျာထားဆောင်ရွက်ရန်၊

(၅) Terrestrial and Aquatic (Flora and Fauna)အတွက် စီမံခန့်ခွဲမှု အစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း(၂၀၀)ခန့် လျာထားဆောင်ရွက်ရန်၊

(၆) Occupational and Community Health and Safety စီမံခန့်ခွဲမှုအစီအစဉ် အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၅၀)ခန့် လျာထားဆောင်ရွက်ရန်၊

(၇) Socio-economic စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၅၀) ခန့် လျာထားဆောင်ရွက်ရန်၊

(၈) ဇလဗေဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၁၀၀)ခန့် လျာထားဆောင်ရွက်ရန်၊

(၉) စုစုပေါင်းအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် နှစ်စဉ် ရန်ပုံငွေ ကျပ်သိန်း (၈၀၀)ခန့် လျာထားဆောင်ရွက်ရန်၊

(၁၀) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် နှစ်စဉ်အမြတ် ငွေ၏ ၂ ရာခိုင်နှုန်းအား လျာထားအသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဗ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများ အတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(ဘ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒ အပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များ ကို ခုတ်ထွင်ရှင်းလင်းမှုကို လျှော့ချခြင်း၊ သစ်ပင်ကြီးများရှိနေလျှင် ချန်ထားခြင်း၊ ဖြစ်နိုင်လျှင် ရှင်းလင်းခံရသောအပင်များကို လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။**
အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှု လုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်း ဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစု ပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင် ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်း ခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေး နိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မီလွှာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုများ မပြုလုပ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မီလွှာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၄) အဆိုပြုရေအားလျှပ်စစ်တည်ဆောက်ခြင်း၊ လည်ပတ်ခြင်းနှင့် ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ၊ အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ အားလုံးကို လိုက်နာဆောင်ရွက်ရန်၊

(၅) ထိတွေ့ဝန်းကျင်လေအရည်အသွေး စံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိတွေ့ဝန်းကျင်လေအရည်အသွေးစံနှုန်းများ သတ်မှတ်ထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် စံနှုန်းများထုတ်ပြန်ခြင်းမပြုမီ ကြားကာလအတွင်း လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းတာချက်ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) အနီးပတ်ဝန်းကျင်ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည်အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၇) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေ ဆိုင်ရာအရည်အသွေးစံနှုန်းများ၏ လမ်းညွှန်ချက်သတ်မှတ်တန်ဖိုးများနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၈) ဆူညံသံစံနှုန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၃ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆူညံမှုအဆင့် သတ်မှတ်ချက်များအားကျော်လွန်ခြင်း (သို့မဟုတ်) စီမံကိန်းလုပ်ငန်း၏အပြင်

နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး ဆောင်ရွက်ရန်၊

(၉) တမံတည်ဆောက်ရာတွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ ထုတ်ပြန်ထားသော နည်းပညာဆိုင်ရာလမ်းညွှန်ချက်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ရေအားလျှပ်စစ်နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်နှင့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းလည်ပတ်မှုမူဝါဒ (World Bank Operational Policy- Od/Gp 4.37) တို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်း သေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့်သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုးပစ္စည်းများရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(ဃ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးကာလစီမံကိန်းတွင် စီမံကိန်းအစိတ်အပိုင်းများ တည်ဆောက်ခြင်း၊ သွယ်ယူရေးလိုင်း/တာဝါတစ်ခုချင်းအကြား အသုံးပြုမည့်လမ်းကြောင်း (Right of Way) များဖောက်လုပ်ခြင်း၊ ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်း၊ မြေယာရှင်းလင်းခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအသုံးပြုခြင်း တို့ကြောင့် ထွက်ရှိမည့် ဖုန်မှုန့်များကြောင့် လေထုအရည်အသွေး ညစ်ညမ်းမှုမဖြစ်စေရေး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ လမ်းညွှန်တန်ဖိုးများနှင့်အညီ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ ထုတ်လွှတ်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း လေထုအရည်အသွေးအပေါ် သက်ရောက်မှုရှိသည့် အတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိရန်။

(င) **မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်း (သို့မဟုတ်) စက်ပစ္စည်း (သို့မဟုတ်) စက်ယန္တရားတစ်ခုခုပြောင်းလဲသုံးစွဲသည့်အခါ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် မတူကွဲပြားသော နည်းပညာများ၊ အသုံးပြုမည့်ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့် နည်းလမ်းများ (ဥပမာ - သစ်ပင်စိုက်ခြင်း လုပ်ငန်းများ)အား စီမံကိန်းမှ ဆောင်ရွက်မည့် လူမှုအကျိုးပြုအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်သို့ ယာဉ်ကြောသွားလာမှုလမ်းကြောင်းတွင် ယာဉ်သွားလာမှုမှ ထွက်သောအမှုန်နှင့် အခိုးအငွေ့ထုတ်လွှတ်မှုများကို လျှော့ပါးစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်။

(စ) **ရေအသုံးပြုမှုနှင့်စွန့်ပစ်ရေဆိုင်ရာစည်းကမ်းချက်များ။** တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်သည့်ကာလအတွင်းထွက်ရှိမည့် စွန့်ပစ်ရေများအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၁.၁၀ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရမည်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းလည်ပတ်ရာမှ ထွက်ရှိလာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ပစ္စည်းများ ဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာထားရှိရမည်။

(ဇ) **စွန့်ပစ်ပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပိုဘေးထွက်ပစ္စည်းများအား ပြင်ပ သို့စွန့်ပစ်ရန် (သို့မဟုတ်) ရောင်းချရန် လိုအပ်ပါက ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြု ချက် ရယူဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလအတွင်း လုပ်သားများ နေထိုင်သည့်အဆောက်အဦများမှ စွန့်ပစ်ရေအားလုံးကို ခွင့်ပြုထားသောနေရာအတွင်း သတ်မှတ်စံနှုန်းများနှင့်အညီ စွန့်ပစ်ရန်၊

(၃) တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်စဉ်အတွင်းလုပ်ငန်းခွင်တွင် စီမံကိန်းမှထွက်ရှိမည့် အမှိုက်အားလုံးအတွက် သင့်လျော်သော အမှိုက်ပုံးများ၊ ပြန်လည်အသုံးပြုရန်ဧရိယာများကို ခွဲခြားသတ်မှတ်ပြီး ထိုဧရိယာအား ညစ်ညမ်းမှုနှင့် ရောဂါပြန့်ပွားမှုမှကင်းဝေးစေရန် တည်ဆောက်ထိန်းသိမ်းရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းအား ရှောင်ကြဉ်ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများဖြင့် လျှော့ချ၊ စီမံခန့်ခွဲရန်။

(ဈ) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိ အစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းအဆင့်တို့တွင် ဘေးအန္တရာယ်ရှိပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် Personal Protective Equipment (PPE) အသုံးပြုရန်၊

(၂) သက်တမ်းကုန်ဆုံးပြီးဖြစ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများအား ပညာပေးမည့်အစီအစဉ်များအား ဆောင်ရွက်ရန်၊

(၃) အခြားအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား သီးခြားသတ်မှတ်ထားသောနေရာတွင်သာစွန့်ပစ်ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများမှ စိမ့်ထွက်အရည်များထွက်ရှိခြင်းကြောင့် မြေအောက်ရေထိခိုက်နိုင်ခြင်းမရှိစေရန်အတွက် စွန့်ပစ်သည့် နေရာအား Impermeable Layer နှင့် Leachate Collection System များ ထည့်သွင်းတည်ဆောက်၍ စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အန္တရာယ်ရှိပစ္စည်းများအား အသုံးပြုသည့်ပမာဏများနှင့် အသုံးပြုခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းအစရှိသည့် လုပ်ငန်းများအား မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ၎င်းမှတ်တမ်းများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် ထည့်သွင်းဖော်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် အန္တရာယ်ရှိပစ္စည်းများ၊ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ မတော်တဆ ဖိတ်စင်မှု/ရောက်ရှိမှု ဖြစ်ပွားပါက အဆိုပါဖြစ်ရပ်အား ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။ ၎င်းဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပွားခဲ့သော ပတ်ဝန်းကျင် (သို့မဟုတ်) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများ၊ ၎င်းသက်ရောက်မှုများအား ကုစားဆောင်ရွက်ချက်များ အစရှိသည့် အကြောင်းအရာများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအတွင်းအသုံးပြုသော ဓာတုပစ္စည်း၊ လောင်စာဆီနှင့် အခြားစက်ဆီများအား မြန်မာနိုင်ငံ၏ စံချိန်စံညွှန်း၊ သတ်မှတ်ချက်များနှင့်အညီ သိုလှောင်၊ စီမံ၊ ကိုင်တွယ်အသုံးပြုရန်၊

(၇) ဓာတုပစ္စည်းနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်းအား စိတ်ချရသောနေရာ၊ ကန့်သတ်ထားသော နေရာများတွင်သာ ထားရှိရန်၊

(၈) ဓာတုပစ္စည်းနှင့်ဘေးအန္တရာယ်ရှိ ပစ္စည်းများ သိုလှောင်ထားသည့် ကန့်သတ်ထားသောနေရာအား စိုစွတ်သည့် ရာသီ၊ ခြောက်သွေ့သည့်ရာသီများအတွက် ထည့်သွင်းစဉ်းစားရန်၊

(၉) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံကိန်းနှင့် ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် သိုလှောင်၊ စီမံခန့်ခွဲ၍ ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများထံတွင် စွန့်ပစ်ရမည်။ စီမံကိန်းအကောင် အထည်ဖော်သူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ပါဝင်သော အချက်အလက်များနှင့် အညီ စီမံခန့်ခွဲရန် တာဝန်ယူရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** တစ်ဖက်ဖော်ပြပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှတောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၂) ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအစီအစဉ်ကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် ကျွမ်းကျင်ပညာရှင်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) ရေနေသတ္တဝါများ (အထူးသဖြင့်ငါးများ) အပေါ် ထိခိုက်မှု ရှိ/မရှိ ကို ရေနေသတ္တဝါ၏ မျိုးစိတ်များ (Species Diversity) နှင့် အကောင်အရေအတွက် (Population) တို့လျော့နည်းသွားခြင်း ရှိ/မရှိ၊ မျိုးစိတ်အသစ်များဝင်ရောက်လာခြင်း ရှိ/မရှိကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း (Continuous Monitoring) ကိုဆောင်ရွက်ရန်နှင့် Monitoring Report တွင် ထည့်သွင်းဖော်ပြရန်၊

(၄) ရေနေဂေဟစနစ်ကို ပြန်လည်ကောင်းမွန်စေရန် ဆောင်ရွက်ရန်။

(ဠ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ဆည်၏ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီးဆည်အား ထိန်းသိမ်းပြုပြင်ရေးများ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလည်ပတ်၍ လျှပ်စစ်ထုတ်လုပ်ခြင်းကို ဆည်(ရေလှောင်ကန်)ဘေးကင်းလုံခြုံစိတ်ချစေရေး (Dam Safety) ကိုသေချာစေလျက်ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပုံမှန်သင်တန်းများ ဆောင်ရွက်ရန်။

(ဍ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ (၁) နှစ်ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက် မှု ဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ် ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲ မှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်း ကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်း ကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြ ရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဏ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(တ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ထ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့်

ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဒ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါအကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင်သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင် ဖြည့်စွက်မှုများ

ရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူ ထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ် အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါးအများပြည်သူသိရှိနိုင်ရန်စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာ နေရာများ တွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်း အဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ် ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဓ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---